# ကျောက်မိချောင်း(တောင်)ကျေးရွာ

# ရေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

ကျောက်မိချောင်း(တောင်)**ကျေးရွာ၊ ရေးမြို့နယ်**

**(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

**၂၀၁၈ ခုနှစ်၊**

## မာတိကာ

**မာတိကာ**

**စကားချီး**

ကျောက်မိချောင်း(တောင်)**ကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်**

**အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ**

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

**နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်

လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

**ဇွန်၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
ကျောက်မိချောင်း(တောင်)**ကျေးရွာ**
**ရေးမြို့နယ်**

## ကျောက်မိချောင်း(တောင်)ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ



# အပိုင်း (က)

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင် ရေးမြို့နယ် ကျောက်မိချောင်း ကျေးရွာအုပ်စု တွင် တည်ရှိပါသည်။ ကျေးရွာသည် ရေးမြို့အနောက်တောင်ဘက် နေရာဖြစ်သည်။ ကျေးရွာတွင်မွန်၊ဗမာစသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်လျှက်ရှိရာ မွန်လူမျိုးအများစု နေထိုင်ကြသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ နှစ်စဉ်မိုးရေချိန်လက်မ(.)ခန့် ရရှိပါသည်။စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၀၀)ဧက ရှိပါသည်။ သဘာဝပေါက်ပင်များမှာ သီဟိုစေ့ပင်၊ ဝါပင်၊ ရော်ဘာပင်၊ ကွမ်းပင်များလည်း ရှိပါသည်။ ကျေးရွာ၏ဘေးပတ်ပတ်လည်တွင်ရှိသော ရာဘာပင်များ လည်းရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ အဖွဲ့အစည်းအားလုံးသည် ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံး လုပ်ဆောင်နေကြ ပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင် နေကြပါသည်။ ရွာသူ ရွာသားများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးအား ကျေးဇူးအထူးတင်ရှိနေကြ ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်မြေ၊ဥယျာဉ်ခြံမြေ(၃၀၀)ဧကရှိသော ရှိကြ ပါသည်။ အဓိကအားဖြင့် ရော်ဘာ၊ကွမ်းသီးကိုသာ အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ရေလုပ်ငန်းများသာ လုပ်ကိုင် နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေးနှင့်တွင်းရေကိုသာ အဓိကထား စိုက်ပျိုး လုပ်ကိုင်ကြ ရှိပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးမှာလည်း နည်းပါးပါသည်။ ကျေးရွာအတွင်း စိုက်ပျိုးပင်များမှာ သီဟိုစေ့ပင် အများစုဖြစ်ပါသည်။ ဒူးရင်းပင်များလည်း စိုက်ပျိုးကြသည်။ နှစ်စဉ်မိုးရေချိန် လုံလောက်စွာ ရရှိသောကြောင့် ရာဘာနှင့် ကွမ်းသီးပင်များကို နှစ်ရှည်ပင်အဖြစ် စိုက်ပျိုးကြပါသည်။ ရာဘာထုတ်လုပ်မှုမှာ တစ်နှစ်လုံးတွင် (၆)လခန့်သာ ထုတ်နိုင်ပါသည်။ ရာဘာမျိုးများမှာ ယခင်ကအရိုင်းမျိုးသာ စိုက်ပျိုးခဲ့ကြပြီး ယခုအခါ မျိုးကောင်းမျိုးသန့် ကိုင်းကူးကိုင်းဆက်ပင်များ အစားထိုး စိုက်ပျိုးလာကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာအတွင်း ကျွဲမွေးမြူထားသည့်အိမ်ထောင်စု(၁)စုရှိပြီး ကျွဲကောင်ရေ (၄)ကောင်၊ ဝက်မွေးသည့် အိမ်ထောင်စု(၂)စုရှိပြီး ဝက်ကောင်ရေ(၃)ကောင်၊ ကြက်မွေးမြူသည့်အိမ်ထောင်စု(၁၈)စုရှိပြီး ကြက်ကောင်ရေ(၇၅)ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု (၅)စုရှိပြီး ဘဲကောင်ရေ(၂၇)ကောင်နှင့် မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း၊ ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်ကိုလည်း တွေ့ရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ၊ လက်သမား၊ ပန်းရံနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်နေသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာတွင် ရာသီအလိုက် အလုပ်အဆက်မပြတ်ရှိနေသဖြင့် မိသားစုများအတွက် လုံလောက်သော ဝင်ငွေ ရရှိပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားသက်မွေးဝမ်းကြောင်း လုပ်ငန်းများ

လုပ်ကိုင်နေကြသော မိသားစုများသည် အသက်မွေးဝမ်းကြောင်းနည်းပညာနှင့် အသေးစား၊ အလတ်စားစီးပွားရေး တိုးတက်မှုဆိုင်ရာမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်သူများလဲ များပြား လာကာ **လူဦး**ရေများလည်း နည်းပါးလာပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာတွင် ကျေးရွာသူကျေးရွာသားများအနေဖြင့် အတိုး နှုန်းနည်းပါးပြီး ဆွေမျိုးများမှချေးငွေသက်တမ်းရှည်သော ရရှိသောကြောင့် မိသားစု စားဝတ်နေရေး ပိုမိုအဆင်ပြေစေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်း လုပ်ငန်းများ လုပ်ကိုင် နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်မော်တော်ဆိုင်ကယ်(၂၄)**စီး**နှင့် ကား(၂)**စီး**စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက်အသုံးပြုနေကြပါသည်။

ကျေးရွာ၏ လမ်းမကြီးသည် မြေသားလမ်းဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် ရွာသူရွာသားများ အလွယ်တကူသွားလာနိုင်သော်လည်း မိုးရာသီတွင် ရွှံ့ဗွက်များဖြစ်ပြီး လမ်းချော်နေသောကြောင့် သွားလာရန်ခက်ခဲပါသည်။ အုပ်ချုပ်ရေးအဖွဲ့မှခေါင်းဆောင်များ ရပ်မိရပ်ဖများ၊ ဖွံ့ဖြိုးရေးကော်မတီ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့များမှ **ဦး**ဆောင်၍ ကျေးရွာတွင် ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူကာ မိုတွင်းပိုင်းတွင် လမ်းကိုသွားလာရလွယ်ကူနိုင်အောင် ပြုပြင်ဆောင်ရွက်လျှက် ရှိပါသည်။ မိုးတွင်းကာလတွင် လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ကြုံတွေ့ရသောအခါ ကျေးရွာသူ ကျေးရွာသားများမှ ကျောက်များ၊ သဲများ**ဖို့**ခြင်းဖြင့် မိမိတို့ကျေးရွာသာယာရေး အတွက် တတ်နိုင်သလောက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမရှိသည့်အတွက် ဒီဇယ်အင်ဂျင်၊ဆိုလာ အသုံးပြု နေသည့် အိမ်ထောင်စု စုရှိပြီး၊ အခြားလျှပ်စစ်မီးလုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၅) လုံး၊ ရေဒီယို(၂)လုံး၊ တီဗီ(၁၁)လုံး စသည်တို့မှရရှိသော်လည်း အမ်ပီတီတာဝါတိုင်တစ်တိုင် ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများလည်း အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် ပညာသင်ကြားရာ တွင်လည်း အခက်အခဲရှိပါသည်။အထက်တန်းပညာကို ရေးမြို့တွင် သွားရောက်သင်ယူ ကြပါသည်။

ကျေးရွာတွင်အများစုမှာ အခြေခံ အရေးအဖတ်သာ တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရများလည်း နည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် ကျေးရွာတွင် ခြံလုပ်ငန်းနှင့်ရေလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ဆေးရုံ၊ ဆေးခန်းများမရှိသည့်အတွက် အရေးပေါ်လူနာများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အချိန်မှီကုသနိုင်ရန်အတွက် ရေးမြို့တွင် သွားရောက်ရပါသည်။ နှစ်စဉ်မိုးရာသီတွင် ရွာသူရွာသာများ ကလေးများသည် နှာစီး၊ ချောင်းဆိုး အအေးမိသော်လည်း တွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့်အခြေအနေရှိခဲ့သော်လည်း ကုသမှုခံယူရန်အတွက် ကျေးရွာတွင် ဆေးရုံ၊ ဆေးခန်းမရှိသောကြောင့် ဆေးမီးတိုနှင့် ကုသရပါသည်။ ယခုအခါ ငှက်ဖျားရောဂါဖြစ်ပွားမှု များပြားသော်လည်း ကျန်းမာရေးအစီအစဉ်များ ဆောင်ရွက် ပေးခြင်း၊ ဆေးခြင်ထောင်ပေးဝေခြင်း၊ ငှက်ဖျားဆေးတိုက်ကျွေးခြင်းများမရှိခြင်းကြောင့် ရောဂါဖြစ်ပွားရာတွင်လည်း မကာကွယ်နိုင်ပါ။ အရေးပေါ်အခြေအနေများတွင် နီးစပ်ရာ ကျန်းမာရေးဆေးပေးခန်းများမရှိသဖြင့် ရေးမြို့ရှိပြည်သူ့ဆေးရုံတွင် လာရောက်ကုသမှုခံယူ ရပါသည်။

**ကျေးရွာတွင်သောက်သုံးရေးများကို ရေတွင်းမှရရှိလာသောရေနှင့်စိမ့်စမ်းရေကို အဓိကထား၍ အသုံးပြုကြရသည်။ ယခုအခါ ရေများရှားပါးလာခြင်းကြောင့် သောက်သုံး ရေအတွက် ပိုမို ခက်ခဲလာပါသည်။ ရွာသူရွာသားများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာ**

ကတည်းက စိမ့်စမ်းရေတမျိုးကိုသာ အသုံးပြုခဲ့ကြရသည်။ နွေရာသီတွင် ရေအလုံ အလောက်မရှိသဖြင့် ရေအခက်အခဲကို များစွာရင်ဆိုင်နေရပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့်အိမ်ထောင်စု များပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ကျေးရွာတွင် ကျောက်တုံးကြီးများနှင့်သဲများကို အလွယ်တကူ ရနိုင်ပါသည်။ ကျေးရွာအတွင်း အဆောက်အဦးများ တည်ဆောက်နိုင်ရန်အတွက် အသုံးပြုရန်လွယ်ကူစွာ ရရှိပါသည်။ တိရစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ကြက်၊ ဝက်၊ တုပ်ကွေး ရောဂါများ အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား/မဆိုင်ရာ သာတူညီမျှ အခွင့်အရေးရှိသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသားနှင့်အမျိုးသမီး ပူးပေါင်းဦးဆောင်ကာ အတူတကွ ပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာ၏သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေး အဖက်ဖက်မှလည်း အမျိုးသား/သမီး အတူတကွ ကြိုးစားဆောင်ရွက်လျှက် ရှိပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရား ဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျောက်မိချောင်းကျေးရွာအုပ်စု | | ကျောက်မိချောင်း(တောင်)ကျေးရွာ | |
|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြုလုပ်ငန်းစဉ်များ |
| ၁။ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကွန်ကရစ်လမ်းသို့ အဆင့်မြင့်တင်ခြင်း။ |
| ၂။ | အခြေခံအဆောက်အဦ | ရေပေးရေး | ရေပိုက်သွယ်တန်းခြင်း။ |
| ၃။ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း |
| ၄။ | ပညာရေး | ပညာရေး | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု

# ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၈ | ၃၉ | ၆၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄၅ | ၅၀ | ၉၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၈၁ | ၉၂ | ၁၇၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၀ | ၈၃ | ၁၅၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၀ | ၁၅၆ | ၃၃၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၈ | ၄၉ | ၇၇ |
| **စုစုပေါင်း** | | **၄၃၂** | **၄၆၉** | **၉၀၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၇၉** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အိမ်ထောင်စု(၁၇၉)စု၊ လူဦးရေ(၉၀၁)ဦး ရှိပါသည်။ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၁.၇၈%)၊ မူလတန်းကျောင်းသားအရွယ်(၉.၆၇%)၊ အလယ်တန်းကျောင်းသားအရွယ်(၉.၁၁%)၊ အလုပ်လုပ်နိုင်သည့်အရွယ်(၆၇%)၊ သက်ကြီးရွယ်ကြီးအရွယ်(၅%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏(၃၀.၀%) ရှိပြီးအလုပ်လုပ်နိုင် သည့်အရွယ်ကျား (၁၈၀)ဦး၊ မ(၁၅၆) ဦးစုစုပေါင်း(၃၃၆) ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၆၇)%ရှိပါသည်။ထို့ကြောင့်ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်း များအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၀၀ | ညံ့ | မရ | မိုးရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၂၀၀ | သင့် | အနည်းအကျဉ်း | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၃၀၀ | သင့်/ညံ့ | မရ/အနည်းအကျဉ်း | မိုးရေ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။။ရေရှိသည့်အရင်းအမြစ်အမျိုးအစား- ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် လယ်မြေ(၁၀၀) ဧကနှင့် ဥယျာဉ်ခြံမြေ (၂၀၀) ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ရှိပါသည်။ လယ်ယာမြေများကို မပြုပြင်နိုင်ခြင်း မျိုးကောင်းမျိုးသန့်များ မရှိခြင်း ကြွက်များဖျက်ဆီးခြင်း ယာမြေတွင်လည်း ရာဘာများကို အရည်အသွေးပြည့်မှီစွာ မပြုလုပ်နိုင်ခြင်းကြောင့် ဈေးကောင်းမရရှိခြင်း။ ရေအရင်းအမြစ်ရရှိမှုမှာခက်ခဲသောကြောင့်မိုးရေတို့မှ ရေရရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လက်လှမ်းမမှီ |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| **အခြားသဘာဝအရင်းအမြစ်** | | |
| **တိရစ္ဆာန်မျိုးစိတ်များ** | နည်း | ခက် |
| **အပင်မျိုးစိတ်များ**<br>(လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | **နည်း** | **ခက်** |
| **ပျှမ်းမျှအပူချိန် - ၃၈ C** | **ပျှမ်းမျှမိုးရေချိန်- ၈၀ လက်မ** | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင်ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိပါ။**

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်**<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်** |
|---|---|---|---|---|
| **၁** | **ရပ်မိရပ်ဖ** | **၁√ ၂☐ ၃√** | **ပညာရေး √ ငွေကြေး √**<br>**ကျန်းမာရေး √ ဘာသာရေး √**<br>**စိုက်ပျိုးမွေးမြူရေး √**<br>**သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √**<br>**လုံခြုံရေးနှင့် ကာကွယ်ရေး √** | **ကျေးရွာတွင် အဓိကကျသည့် အဖွဲ့ ဖြစ်ပြီး သမာသမတ်ကျ၍ သြဇာရှိ သောအဖွဲ့ဖြစ်သည်။**<br>**ရပ်ရွာအကျိုးကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့ဖြစ် သည်။** |
| **၂** | **လူငယ်အဖွဲ့** | **၁☐ ၂√ ၃☐** | **ပညာရေး √ ငွေကြေး √**<br>**ကျန်းမာရေး √ ဘာသာရေး √**<br>**စိုက်ပျိုးမွေးမြူရေး √**<br>**သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √**<br>**လုံခြုံရေးနှင့် ကာကွယ်ရေး √** | **ကျေးရွာတွင်ဘာသာရေးပွဲများ အလှူပွဲများပျော်ပွဲရွှင်ပွဲများတွင် ပွဲဖြစ်မြောက်အောင်ပါဝင်ကူညီရ သော အဖွဲ့ဖြစ်သည်။** |
| **၃** | **လုံခြုံရေး** | **၁☐ ၂☐ ၃√** | **ပညာရေး √ ငွေကြေး ☐**<br>**ကျန်းမာရေး ☐ ဘာသာရေး ☐**<br>**စိုက်ပျိုးမွေးမြူရေး ☐**<br>**သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √**<br>**လုံခြုံရေးနှင့် ကာကွယ်ရေး √** | **ကျေးရွာတွင်အဓိကကျသောအဖွဲ့အ စည်း**<br>**လည်းဖြစ်ပြီးအချိန်အခါမရွေး ပါဝင်ကူညီပေးသော အဖွဲ့အစည်း လည်း ဖြစ်ပါသည်။** |
| **၄** | **လယ်သမား** | **၁√ ၂☐ ၃☐** | **ပညာရေး ☐ ငွေကြေး ☐** | **လယ်ယာလုပ်ငန်းတွင်တက်ကြွစွာ** |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ပါဝင် လုပ်ကိုင်ကြသောအဖွဲ့အစည်း ဖြစ်ကသည်။ |
| ၅ | အမျိုးသမီး | ၁☐ ၂√ ၃☐ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာတွင်ငွေကြေးအားဖြင့်ပ ညာရေးအားဖြင့်ပါဝင်ကူညီကြပြီး၊ အဖွဲ့အစည်းတစ်ခုတွင် တက်ကြွစွာ ပါဝင်ကူညီကြသည်။ |
| ၆ | | ၁☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး ☐ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာ၏ အုပ်ချုပ်မှု မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များ အားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။အမျိုးသမီးရေးရာနှင့်လူငယ်အဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာတွင်းပညာရေး ကျန်းမာရေး၊ငွေကြေးကိစ္စများအားလိုက်ပါဆောင်ရွက်ပေးကြပါသည်။ကျေးရွာတွင်အမျိုးသမီး အဖွဲ့များလည်း ပါဝင်ဖွဲ့စည်းထားပါသည်။**

**(၄)  စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄.၁)  ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂.၅ဧကေ အထက် | ၅ဧကေမှ၁၂.၅ဧကေ ကြား | ၂.၅ဧကေမှ၅ဧကေ ကြား | ၂.၅ဧကေအောက်နှင့် မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်၊ပျဉ်ကတိုး | ပျဉ်ထောင်အိမ် | သစ်ခင်း၊ထရံ ကာအိမ် | ဝါးအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထွန်းစက် (လက်တွန်း) | ဆိုင်ကယ်၊ထွန်စက် (လက်တွန်း) | ဆိုင်ကယ်/စက် ဘီး | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ခြံစိုက် | ဈေးဆိုင် | ရော်ဘာခြစ်/ ကွမ်းသီးခူး | ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၆၀ | ၅၂ | ၄၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည်စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။အလွန်မပြေလည်သောအိမ်ထောင်စုများသည် ရာဘာခြစ်၊ ကွမ်းသီးခူးစသည့်ရာသီလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့်အသက်မွေးလုပ်ငန်းလုပ် ကြသည်။**

**(၄.၂)  သီးနှံထုတ်လုပ်ရေး**

**(၄.၂.၁)  စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၅ | ၆၃.၀၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၂၀ | ၅.၀၉% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၃၀ | ၉.၅၅% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၃၄ | ၁၁.၄၆% | အလယ်အလတ်စားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | ( ၅ဟတ်တာထိ) | | | |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၃၀ | ၁၀.၈၃% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၇၉ | ၁၀၀% | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား။ ။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများနေပြီးနေ့စားကျပန်းနှင့်အလုပ်လုပ်ကိုင်နေကြပါသည်။၁၂.၅ကေအထက်ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေအသင့်အတင့်ရှိပြီး တောင်သူလတ်အရေအတွက် ပိုများပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | |
| စပါး | ၁၆၉ | တင်း | ၁၀ | ၂၅ | ၂၀ | အကျိုးအမြတ်ရရှိမှုနည်းပြီးရေလုံလောက်စွာ မရရှိသောကြောင့်ပျက်စီးရှုံးမှုများသည်။ |
| ရာဘာ | ၃၇၃.၉၅ | ပေါင် | ၆ | ၁၅ | ၁၀ | ရော်ဘာဈေးနှုန်းမကောင်းသဖြင့်အကျိုးအမြတ်နည်းသည်။ |
| ကွမ်းသီး | ၆၂.၅၀ | ပိဿာ | ၃၀၀ | ၄၀၀ | ၃၅၀ | ဈေးနှုန်းအတက်အကျပေါ်မှုတည်ပြီး အကျိုး အမြတ် ရရှိသည်။ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဥယျာဉ်ခြံတွင် ရာဘာကို အဓိကထားစိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။ရာဘာထုတ်ကုန်မှာလည်းကုန်ဈေးနှုန်းကျဆင်းမှုပေါ်မူတည်ပြီးအကျိုးအမြတ်ရရှိမှုပါသည်။**

**(၄.၃) မွေးမြူရေးလုပ်ငန်း**

**ဇယား** (၈) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | | |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၄ | ၅၁ |
| သိုး | | |
| ဝက် | ၄၅ | ၂၁၈ |
| ကြက် | ၆၇ | ၁၀၀၃ |
| ဘဲ | ၆ | ၆၇ |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုစွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဆိတ်၊ဝက်၊ကြက်၊ဘဲမွေးမြူရေးတို့ကို တစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။**

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၃ | ၁၀/၃၀/၅ | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၅ | ၃၅/၄၅ | ၄ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | ၆ | | လတ် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၆ | | ၁၀ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၁ | | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၃ | ၄ | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ | | | | |

| | | | | | |
|---|---|---|---|---|---|
| | (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၃၅ | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး ပြည်ပထွက်အလုပ်လုပ်ကိုင်သူများများပြားလျှက်ရှိပါသည်။**

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည်** (**မြို့**/ **ရွာ**) | မြသီတာဈေး(ရေးမြို့) | မော်လမြိုင်ဈေး |
| **ရွာမှအကွာအဝေး (မိုင်)** (**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ဝ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁ဝ မိုင် √ ၁ဝမှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ဝ မှ ၁ဝ မိုင် ☐ ၁၁ မှ ၂ဝ မိုင် ☐ ၂၁ မှ ၃ဝ မိုင် ☐ ၃ဝမှ ၅ဝ မိုင် ☐ ၅၁ မှ ၁ဝဝ ☐ ၁ဝဝမိုင် အထက် √ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်☐ စက်ဘီး√ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား √ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား √ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဈေးမရရှိသဖြင့်ရေးမြို့(မြသီတာ)ဈေးတွင်သာ လိုအပ်သော ပစ္စည်းများကိုဝယ်ယူရရှိနိုင်ပါသည်။ရွာတွင်းတွင်အိမ်တွင်းဈေးဆိုင်သာရှိပါသည်။**

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁☐ ၂☐ ၃☐ ၄☐ ၅√ | **ကောင်း**☐ **သင့်** ☐**ညံ့** √ | **ပွင့်လင်း ရာသီ** √ **တစ်နှစ်ပတ်လုံး**☐ | **ဝ–၁ မိုင်** ☐ **၁–၅ မိုင်** ☐ **၅–၁ဝ မိုင်** √ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ √ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ √ | ပွင့်လင်း ရာသီ√ တစ်နှစ်ပတ်လုံး√ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် √ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁√ ၂☐ ၃☐ ၄☐ ၅√ | ကောင်း☐ သင့် ☐ ညံ့ √ | ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် √ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅**

**လေ့လာတွေ့ ရှိချက်။ ။လမ်းပမ်းဆက်သွယ်ရေးမှာသွားလာရအဆင်ပြေသော်လည်း ရွာတွင်းလမ်းများမှာမြေသားလမ်းဖြစ်နေသည့်အတွက်မိုးတွင်းကာလတွင်လမ်းပေါ်ရေကျော်ခြင်း၊ ရွှံ့ဗွက်များဖြစ်ခြင်း ကြောင့်သွားလာရ အခက်အခဲများရှိပါသည်။**

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုခြင်းမရှိပါ။**

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | ၅ | ၅၃ | ၁၄၀ | ၄ | ၃ | ၅ | | |

**ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆိုင်ကယ်၊ ကားများဖြစ် သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုနေကြပါသည်။**

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (**၁၄**) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၇၀ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၁၀၀ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၉ |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

